# ဘက်တဲလ်ခရိမြို့ - အမေရိကန် ကယ်ဆယ်ရေး အစီအစဉ် အက်ဥပဒေ
# အကြံပြု/အလားအလာရှိ စီမံချက်များ

| **မြို့နယ်ဌာန** | **စီမံချက်** | **ကုန်ကျစရိတ် ခန့်မှန်းချက်** | **ဘာအတွက်လဲ? ဘက်တဲလ်ခရိရပ်ရွာဝန်းကျင်မှာ ဘယ်လို ပြောင်းလဲနိုင်မလဲ?** |
|---|---|---|---|
| လေဆိပ် | လေဆိပ် လုပ်ငန်းလည်ပတ်ရေး ထောက်ပံ့ခြင်း | ၃၉၆,၀၀၀ | မိမိတို့လေဆိပ်သည် မကြာသေးမီကာလအတွင်း ကြီးမားသော တိုးချဲ့မှုများ တွေ့မြင်ရပါသည် - အမျိုးသား လေကြောင်းကာကွယ်ရေးအဖွဲ့အတွက် မစ်ရှင်၊ Western Michigan University မစ်ရှီဂန်ပြည်နယ် အနောက်တိုင်း တက္ကသိုလ် လေယာဉ်မောင်း သင်တန်းကျောင်း အဆောက်အအုံနှင့် WACO လေယာဉ် ထုတ်လုပ်ရေးစီးပွားလုပ်ငန်း။ အခြားတိုးချဲ့မှုများသည် စီမံပြုလုပ်ဆဲဖြစ်ပြီး ထိန်းချုပ်သူမဲ့ လေကြောင်းစနစ် ဈေးကွက်တွင် အလားအလာကောင်း ရှိကြောင်းတွေ့ရှိရပါသည်။ BC အခွန်ဘဏ္ဍာငွေ တိုးပွားခြင်း အာဏာပိုင်များနှင့် လက်တွဲပြီး လုပ်ငန်းလည်ပတ်ရေး ထောက်ပံ့ကူညီမှုများပြုလုပ်ကာ လေဆိပ်အား အကောင်းဆုံးအနေအထားဖြစ်လာရန်ဦးတည်၍ အောင်မြင်အောင် လုပ်ဆောင်သွားပါမည်။ ထို့ကြောင့် အလုပ်အကိုင်အသစ်များ များပြားစွာ ထွက်ပေါ်လာမည့် အခွင့်အလမ်းရှိပြီး ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ ရရှိလာမည့် ရပ်ရွာလူထုအပေါ် အကျိုးဖြစ်ထွန်းမှုသည် ကောင်းမွန်သော အကျိုးသက်ရောက်မှုရလာဒ် ဖြစ်ပါသည်။ |
| မြို့တော်ခန်းမ အဆောက်အအုံ | အဆောက်အအုံ အပြင်ဘက် ဖွဲ့စည်းပုံ (မြေနီအုတ်ခဲ) | ၄၇၇,၅၃၇.၅ | ၂၀၁၇ ခုနှစ် ဆောင်းဦးရာသီတွင် မြို့တော်ခန်းမမှ ပေါင်ချိန် ၇၅၀ ခန့်မျှရှိသော မြေနီအုပ်ချပ်များ ကွာကျခဲ့ပြီး ပထမ-ထပ် ပြတင်းပေါက်နှင့် ထုံးကျောက်အုတ်ခဲများအား ပျက်စီးစေခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ အဆောက်အဦး မျက်နှာစာမြေအုတ်ချပ်များအား ထောက်ကန့်ပေးထားသော သံမဏိစတီးလ်တိုင်များသည် ရေယိုပျက်စီးမှု ဖြစ်ပေါ်နေသဖြင့် အဆောက်အဦး၏ ၎င်းအစိတ်အပိုင်းများအပေါ် ချက်ချင်းပြုပြင်မှုပြုလုပ်ရန် လိုအပ်လာခဲ့သည်။ မြို့တော်ခန်းမသည် နိုင်ငံတော်သမိုင်းဝင်မှတ်တမ်းပါ နေရာများမှ တစ်ခုဖြစ်သောကြောင့် ရပ်ရွာလူထုနှင့် U.S. ယဉ်ကျေးမှုဝန်ကြီးဌာနတို့အပေါ် တာဝန်ကျေပွန်မှုရှိစေရန် မိမိတို့တတ်စွမ်းသမျှ ဤအဆောက်အအုံအား ပြုပြင်ထိန်းသိမ်းမှု ပြုရန်လိုအပ်ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဤစီမံချက်အပေါ် များစွာ ထိခိုက်မှု ရှိခဲ့ပြီး လိုအပ်သည့် ပစ္စည်းများ ရရှိရေးအပေါ် သာလွန်၍ခက်ခဲစေခဲ့သည်။ ထို့အပြင် မိမိတို့၏ ဝန်ထမ်းများနှင့် ဧည့်သည်များ၏ ဘေးကင်းလုံခြုံရေးအတွက် ဤစီမံချက် ပြီးမြောက်နိုင်ရန် အထူးလိုအပ်ပါသည်။ အဆိုပါရန်ပုံငွေထောက်ပံ့မှုကြောင့် စီမံချက်အား ၂၀၂၂ ဆောက်လုပ်ရေးရာသီတွင် ပြီးစီးနိုင်ပါမည်။ |
| မြို့တော်ခန်းမ အဆောက်အအုံ | မြေထိန်းမြေကာနံရံ | ၂၉၀,၀၀၀ | ကျွန်ုပ်တို့၏ မြေကာနံရံစနစ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၇ နှစ်ကြာကာလတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ခုနှစ်များ၌ထပ်မံမွမ်းမံခဲ့ပြီး လမ်းဘေးရေမြောင်းများထည့်သွင်းခဲ့သည်။ ရေမြောင်းစနစ်သည် အောင်မြင်မှု မရှိခဲ့ဘဲ အေးခဲခြင်း/အအေးပျော်ခြင်း ပြဿနာများကြောင့် နံရံများတိုက်စားခြင်းဖြစ်ပေါ် ခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ၌ပြုလုပ်သည့် ခရိုင်သမိုင်းဝင်ကော်မရှင်သို့ တင်ပြခဲ့ပြီး အကောင်းဆုံးဖြေရှင်းချက်သည် ဤသမိုင်းဝင် နံရံနှင့် အဆင်တူဆုံးဖြစ်မည့် အစားထိုးနံရံတစ်ခု ထည့်သွင်းတည်ဆောက်ကာ ရေမြောင်းစနစ်ကို ကျွန်ုပ်တို့၏ မုန်တိုင်းမိလ္လာစနစ်အတွင်း ထည့်သွင်းတည်ဆောက်သွားနိုင်ရန် ဖြစ်သည်။ |
| မြို့တော်ခန်းမ အဆောက်အအုံ | အများပြည်သူဝင်ပေါက်အား တောင်ဘက်သို့ ပြောင်းရွှေ့ရန် - ပထမ-ထပ် ရုံးခန်းများ ပြုပြင်မွမ်းမံ - လုံခြုံရေးနှင့် အသုံးပြုရလွယ်ကူရေး | ၆၃၇,၆၀၈ | ဤစီမံချက်တွင် ဘဏ္ဍာရေးမှူးနှင့် စာရေးရုံးခန်းများအားလုံး၏ ဖွဲ့စည်းပုံကို ပြန်လည်ဒီဇိုင်းဆွဲခြင်းဖြင့် ကြိုဆိုပျူငှာခြင်းဖော်ဆောင်မည့် ပတ်ဝန်းကျင်ဖန်တီးရေး၊ ပွဲတင်သံထပ်သည့် ဟောခန်းနေရာမှ ရုံးခန်းများအတွင်းသို့ စားသုံးသူများအား ခေါ်ဆောင်နိုင်ရေးတို့ဖြစ်သည်။ ဘဏ္ဍာရေးမှူး၏နေရာကို ဘဏ္ဍာရေးနှင့် သုံးစွဲစရိတ် ဘေလ်ပေးခြင်း ဝန်ဆောင်မှုတို့ တစ်ပြိုင်နက်-တည်း ပြုလုပ်နိုင်မည့် ဈေးဆိုင်အလား ပြုပြင်ရန်ဖြစ်သည်။ ဤသို့ စီစဉ်ခြင်းဖြင့် အဆိုပါဌာနများ သို့လာရောက်ဆက်ဆံရမည့် ပြည်သူများအတွက် ရှုပ်ထွေးမှုများကိုဖယ်ရှားနိုင်ရန်ဖြစ်သည်။ ထိုဒီဇိုင်းအသစ်များသည် အသုံးပြုရလွယ်ကူခြင်း၊ စားသုံးသူ ကာစတမ်မာများသုံးရလွယ်ကူခြင်း၊ လမ်းရှာဖွေရန် လွယ်ကူခြင်းနှင့် ဝန်ထမ်းများအတွက် လုံခြုံရေး ဟန့်တားမှုများ စီစဉ်ပေးနိုင်ခြင်းတို့ဖြစ်သည်။ |
| မြို့တော် စီမံခန့်ခွဲရေး | McCamly ဟိုတယ်နှင့် ပလာဇာ | ၂.၅ သန်း | **မြို့တော် ကော်မရှင်မှ ခွင့်ပြုပြီး အောက်တိုဘာ ၁၉၊ ၂၀၂၁** - ယခင် McCamly ပလာဇာဟိုတယ်သည် ခက်ခဲသော သမိုင်းကြောင်းရှိခဲ့ပြီး အသုံးပြုနေခြင်းမရှိပါ။ အဆောက်အဦးသည် ပြုပြင်မွမ်းမံမှုများလိုအပ်နေပြီး ရပ်ရွာအဖွဲ့များမှ လက်တွဲကာ ပြည်တွင်းပိုင်ဆိုင်မှုတစ်ခုအနေဖြင့် ပြန်လည်ဖော်ဆောင်ခြင်းဖြင့် တစ်ချိန်ကအတိုင်း အဖိုးတန်သည့် ကြီးမားသော ခရီးသွားရပ်ဝန်းတစ်ခုဖြစ်လာစေရန်လုပ်ဆောင်သွားပါမည်။ ဤနေရာသည် မိမိတို့အတွက် အလုံးစုံသော စီးပွားရေးလိုအပ်ချက်ဖြစ်နေပြီး Kellogg ကဲလော့ဂ်ပြိုင်ကွင်းတွင် ပွဲများကျင်းပခြင်းဖြင့် ပြည်သူများ နီးစပ်ရာတွင်နေထိုင်အောင်ဆွဲဆောင်ရန် နှင့် ဟိုတယ်အသစ်အနေဖြင့် Grand Valley State University ဂရန်းဗယ်လီ ပြည်နယ်တက္ကသိုလ်နှင့် လက်တွဲပြီး ဟိုတယ်လုပ်ငန်း စီမံခန့်ခွဲရေးပညာ ကျောင်းသားများအတွက် သင်ကြားပို့ချရေး နေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ |
| မြို့တော် စီမံခန့်ခွဲရေး | ကြိုးမဲ့အင်တာနက် ရရှိရေး | ၁ သန်း | မြန်နှုန်း-မြင့် အင်တာနက် ရရှိနိုင်ရေးသည် အလုပ်နှင့် ကျောင်းအတွက် အလွန်ပင် အရေးပါအရာရောက်သည့်အရာ ဖြစ်ပြီး အထူးသဖြင့်ကပ်ရောဂါကြုံတွေ့နေရချိန်တွင်ဖြစ်သည်။ အသုံးပြုနိုင်ခြင်းမရှိသူများသည် ပညာရေးနှင့် |

| | | | |
|---|---|---|---|
| | | | အလုပ်အကိုင်အခွင့်အလမ်းများမှ ဖယ်ချန်ထားခံရသကဲ့သို့ဖြစ်သည်။ ကြိုးမဲ့အင်တာနက်အား သင့်လျော်သည့် ARPA အသုံးပြုစရိတ်အဖြစ် တိတိကျကျသတ်မှတ်ကာ အဓိက-ဦးစားပေး လုပ်ဆောင်ရန်ဖြစ်သည်။ မိမိတို့အနေဖြင့် ရပ်ရွာလူထုတစ်ရပ်လုံးအတွက် ကူညီမှုပေးလိုသည်ဖြစ်ပြီး သာမန်ထက်အခွင့်အရေး လျော့နည်း၍ရရှိသည့် ဧရိယာများကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။ လက်ရှိတွင် တိကျသော စီမံချက်မရှိသေးသော်လည်း မြန်နှုန်း-မြင့် အင်တာနက် အခြေခံဖွဲ့စည်းမှုကို ပိုမို၍ရပ်ရွာလူထုထံသို့ တိုးချဲ့ခြင်းပြုလုပ်လိုပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | Dolliver ဒေါ်လစ်ဗာ သက်သာချောင်ချိရေးအိမ်ယာ (၁၃၅ မြောက် .ဝါရှင်တန်လမ်း.) | ၈၁၅,၀၀၀ | **မြို့တော် ကော်မစ်ရှင်မှ ခွင့်ပြုပြီး အောက်တိုဘာ ၁၉၊ ၂၀၂၁** - ဤအဆောက်အအုံကို ဖွံ့ဖြိုးတိုးချဲ့မှု ကန့်သတ်ချက်များအား ဖယ်ရှားလိုသောကြောင့် ဗဟိုအစိုးရထံမှ ပြန်လည် ဝယ်ယူထားခြင်းဖြစ်ကာ ထိုမှတစ်ဆင့် ရပ်ရွာလူထုထံသို့ တစ်နည်းအားဖြင့် သက်သာချောင်ချိရေး အိမ်ယာစီမံကိန်းတစ်ခုအဖြစ် ပြုပြင်ပြောင်းလဲသွားရန် ကတိပြုဆောင်ရွက်လိုပါသည်။ ဤမြေယာပိုင်ဆိုင်မှု၌ မည်သည့်စီမံချက်မှသတ်မှတ်ထားခြင်း မရှိသေးပါ။ |
| မြို့တော် စီမံခန့်ခွဲရေး | မြို့လယ်ခေါင် ကားရပ်နားပါကင် ထောက်ပံ့မှု - Hinman/K2 | ၅၀၀,၀၀၀ | McCamly နှင့် အနောက်မစ်ရှီဂန်မြို့လယ်ခေါင် လမ်းထောင့်ရှိ ရုံးအဆောက်အအုံပိုင်ရှင်များမှ အကျယ်အဝန်း ၁၃၀,၀၀၀ စတုရန်းပေနီးပါးရှိသည့် ရုံးခန်းနေရာများအား မျိုးစုံ-အသုံးပြုနိုင်မည့် အိမ်ယာအဖြစ် ပြောင်းလဲပြုပြင်ရန် ကြည့်ရှုနေပါသည်။ ကားရပ်နားသည့် ပါကင်နေရာ မွမ်းမံခြင်းအတွက်လည်း ပူးပေါင်းပါဝင်မှုများ လိုလားပါသည်၊ ဥပမာပြောရလျှင် ဂျက်ခ်ဆင်လမ်း ပါကင်နေရာအနီးနားတစ်ဝိုက်။ အိမ်ယာစီမံချက်အား ထောက်ပံ့ခြင်းဖြင့် မြို့လယ်ခေါင်ဝန်းကျင် တိုးတက်ဖွံ့ဖြိုးရေးနှင့် မြို့နယ်-ပိုင် ကားရပ်နားပါကင်နေရာများ ပြုပြင်မွမ်းမံခြင်းများ ပြုလုပ်ခြင်းအားဖြင့် မြို့တော်ထံတစ်နည်းအားဖြင့် ပြန်လည်အကျိုးပြုနိုင်ပါသည်။ ဤစီမံချက်မှတစ်ဆင့် မျှော်လင့်နိုင်သည်မှာ မြို့တော်အတွင်း နေထိုင်၍အလုပ်လုပ်သူအရေအတွက် တိုးပွားလာနိုင်ခြင်း၊ မြို့လယ်ခေါင် စီးပွားရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေခြင်းနှင့် မြို့တော်၏ စိုပြေမြူးကြွဖွယ်ရာပုံရိပ်ကို တိုးမြင့်စေပါမည်။ |
| မြို့တော် စီမံခန့်ခွဲရေး | Neighborhoods Inc. လုပ်ငန်းလည်ပတ်ရေး ထောက်ပံ့မှု | ၄၅၀,၀၀၀ | ၂၀၁၉ ခုနှစ် အိမ်ယာလေ့လာသုံးသပ်ချက်တွင် ရပ်ရွာအတွင်း တစ်-အိမ်ထောင် အိမ်ယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးနားပတ်ဝန်းကျင် ပြန်လည်အသက်ဝင်လာရေးတို့အတွက် ဆောင်ရွက်မှုအား-မြင့်မားသည့် အမြတ်အစွန်းအတွက်မရည်ရွယ်သော အေဂျင်စီလိုအပ်ပုံကို ကျယ်ပြန့်စွာဖော်ပြထားသည်။ Neighborhood Inc. သည် ထိုကဲ့သို့ အေဂျင်စီမျိုးအဖြစ်ရပ်တည်နိုင်မည့် ပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်ရန်ကြိုးစားလျက်ရှိသည်။ ထို့အပြင် ခေါင်းဆောင်မှုအသစ်၊ လမ်းညွှန်မှုအသစ်တို့နှင့်တကွ ခိုင်မာသည့် ဘက်တဲလ်ခရိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးတစ်ခုအဖြစ်နေရာယူထားပြီဖြစ်သည်။ ဖော်ပြပါ ထောက်ပံ့ရန်ပုံငွေမှတစ်ဆင့် ရပ်ရွာလူထု၏ အိမ်ယာလိုအပ်ချက်အတွက် ဝန်ဆောင်မှုလုပ်ငန်းဘောင်ဖန်တီးဆောင်ရွက်ရေးကို သုံးနှစ်ကျော်အထိ ကူညီနိုင်မည်ဖြစ်သည်။ ဤအကြံပြုဆောင်ရွက်ချက်ကြောင့် အိမ်ယာအတွက်ရုန်းကန်နေရသည့် များစွာသော ဝင်ငွေနည်းမိသားစုများအတွက် အကျိုးဖြစ်ထွန်းစေမည်ဟုမျှော်မှန်းလိုပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | မြို့လယ်ခေါင် မြေရာပိုင်ဆိုင်မှု ဝယ်ယူခြင်း - CSE Morse | ၄၀၀,၀၀၀ | မြို့တော်မှ မြို့လယ်ခေါင်တောင်ပိုင်းအဆုံးထိစီးဆင်းနေသော ကာလမဇူးရေလက်ကြားရှိ ကွန်ကရစ်အပိုင်းများအား ဖယ်ရှားရန် စီစဉ်ထားရှိပါသည်။ ဖောင်တိန်လမ်းတောင်ဘက် အထက်ပိုင်းမှ မေလ် ရေကန်ငယ်အောက်ပိုင်းအထိ ဧရိယာအား လျှောက်လမ်းများနှင့် အများစုဝေးရာနေရာများ၊ မြစ်ကမ်းနဘေး စသည်တို့အဖြစ် အများပြည်သူ အနားယူရန်အတွက် ဖွင့်လှစ်ထားရှိသွားရန်ရှိပါသည်။ ၎င်းဧရိယာတွင် မြေရာပိုင်ဆိုင်မှုအချို့ဝယ်ယူရေးအတွက် စတင်လုပ်ဆောင်နေပြီဖြစ်ပြီး နောက်ဆုံးကျန်ရှိနေသည့် စီးပွားရေးနှစ်ခုမှတစ်ခုကို ထိုနေရာမှ ပြောင်းရွှေ့နိုင်ရေးအတွက်ကူညီလိုပါသည်။ မြစ်ကမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ဆက်နွယ်နေသည့် ပန်းခြံနေရာတို့သည် သစ်လွင်ပြီး တစ်မူထူးခြားသော လူမှု-ဘဝ-နေထိုင်ပုံ အကျိုးကျေးဇူးများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အကျိုးများစေမည့် နေရာချထား အသုံးပြုမှုတို့ကြောင့် ရပ်ရွာလူထုတစ်ခုလုံးအတွက်အကျိုးဖြစ်စေမည်ဖြစ်ပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | United Way of Battle Creek/ Kalamazoo နယ်ပယ်ဒေသ အတွက် ထောက်ပံ့မှု | ၂၅၀,၀၀၀ | The United Way ၏ ဘေးအန္တရာယ် ကယ်ဆယ်ရေး ရန်ပုံငွေမှအခြေခံကြပြီး အရေးပါသည့်လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများကို ကူညီထောက်ပံ့ပေးနေပါသည်၊ ပါဝင်သည်များမှာ အရေးပေါ်အချိန်များအတွင်း ငွေကြေးရန်ပုံငွေရှာပေးခြင်းနှင့် ဝေငှပေးခြင်းတို့ဖြစ်သည်။ United Way သည် သဘာဝဘေးအန္တရာယ်နှင့် ရပ်ရွာအရေးပေါ် ကပ်ဆိုက်ချိန်များတွင် ဘေးဒဏ်ခံရသည့် ပြည်သူများနှင့် ALICE (ပိုင်ဆိုင်မှု-ကန့်သတ်ချက်၊ ဝင်ငွေ-နည်းပါးခြင်း၊ အလုပ်အကိုင်ရှိခြင်း) တိုင်းတာမှုအောက်တွင် အကျုံးဝင်သည့် မိသားစုများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးထောက်ပံ့မှုများကို ကူညီပေးပါသည်။ ဤအဖွဲ့အစည်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပွားခဲ့သည့် ဆိုးရွားသောသက်ရောက်မှုများစွာအား ကူညီဖြေရှင်းရာတွင် အရေးပါသည့်လုပ်ဆောင်မှုများ ပြုနိုင်ခဲ့သည်။ ဖော်ပြပါထောက်ပံ့မှုကြောင့် လွန်ခဲ့သည့် ၁၈ လကျော်အတွင်း အသုံးပြုခဲ့ရသောရန်ပုံငွေအား ပြန်လည် အစားထိုးနိုင်ပါမည်။ ရန်ပုံငွေထောက်ပံ့မှုအား အစားအစာရရှိမှု၊ အန္တရာယ်ကင်းပြီးအရည်အသွေးမီ ခိုလှုံဂေဟာ/ အိမ်ယာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အသုံးပြုသွားရန် လျာထားပါသည်။ |

## ဘက်တဲလ်ခရိမြို့ - အမေရိကန် ကယ်ဆယ်ရေး အစီအစဉ် အက်ဥပဒေ
## အကြံပြု/အလားအလာရှိ စီမံချက်များ

| | | | |
|---|---|---|---|
| မြို့တော် စီမံခန့်ခွဲရေး | Kellogg ကဲလော့ဂ်ပွဲရုံ အားကစားကွင်း | ၁၅၀,၀၀၀ | အားကစားကွင်းသည် အပျော်တမ်းအားကစားပွဲများစွာနှင့် အခြားဆက်နွယ်နေသည့်လှုပ်ရှားမှုများစွာ ကျင်းပနိုင်ပါသည်။ ထိုအားကစားပွဲများသည် များသောအားဖြင့် ရက်ပေါင်း-များစွာ ဆက်တိုက်ကျင်းပလေ့ရှိကျပြီး မိသားစုများလာရောက်ကြည့်ရှုခြင်းကြောင့် ခရီးသွားလာမှုဝင်ငွေအနေဖြင့် ရပ်ရွာလူထုထံ အကျိုးပြုနိုင်ကာ မိမိတို့၏ မြို့လယ်ခေါင်စည်ကားမှုအပေါ် သိသာထင်ရှားစွာ ပံ့ပိုးပေးနိုင်သည်။ ပွဲကျင်းပမှုများအား ကူညီထောက်ပံ့လိုလျှင် သက်တမ်းရင့်လျော်နေပြီဖြစ်သော အားကစားကွင်းများ၊ ဘက်စုံ-သုံး၊ ပွဲမျိုးစုံအတွက် သင့်လျော်သော ယာယီကြမ်းခင်း ဥပမာ ကျွမ်းဘားအားကစား - များမကြာမီနှစ်များအတွင်း တစ်ဟုတ်ထိုး တိုးပွားလာသော အားကစားအမျိုးအစား၊ စသည်တို့ကို အသစ်ပြန်လည် လဲရန်လိုအပ်ပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် နယ်လှည့်ခရီးသွားလာမှု ဆွဲဆောင်မှုအစိတ်အပိုင်းတစ်ခုအနေနှင့် ပြန်လည်ဦးမော့လာနိုင်ပြီး မြို့နယ်ပြင်ပမှ ရရှိနိုင်မည့် အငှားငွေကြေးတစ်ခုအနေဖြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ တိုးပွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကူညီပေးနိုင်မည်ဖြစ်သည်။ |
| မြို့တော် စီမံခန့်ခွဲရေး | ကွဲပြားခြားနားမှု၊ တရားမျှတမှု၊ နှင့် ပါဝင်သက်ရောက်စေမှု စစ်ဆေးရေး အရာရှိ | ၁၁၀,၀၀၀ | ၂၀၂၁ ခုနှစ်တွင် Equity Audit အရည်အသွေးစစ်ဆေးမှုအား စတင်ပြုလုပ်ခဲ့ပြီး လူသားအရင်းအမြစ်နှင့် ရဲဌာန/အများပြည်သူဆက်ဆံရေး တို့၏ အလုပ်ဆောင်ရွက်ပုံစနစ်တို့ကို ပြန်လည်ဆန်းစစ်ခြင်းများ ပြုလုပ်စစ်ဆေးခဲ့သည်။ ဤသို့စစ်ဆေးခြင်းမှ ရလာဒ်တစ်ခုအဖြစ် ကွဲပြားခြားနားမှု၊ တရားမျှတမှုနှင့် ပါဝင်သက်ရောက်စေမှုစစ်ဆေးရေးအရာရှိရာထူးအား ဖန်တီးနိုင်ရန်ဖြစ်ပြီး စီမံချက်အကောင်အထည်ဖော်ခြင်းနှင့် လူမျိုးရေး တရားမျှတခြင်းရှိမှုအပေါ် ရည်ရွယ်ချက်အဖြစ် ဗဟိုထားသည့် အလုပ်နည်းလမ်းညွှန်ပြခြင်းတို့အား ကြီးကြပ်စေရန်ဖြစ်သည်။ |
| မြို့တော် စီမံခန့်ခွဲရေး | လက်ထောက် အများပြည်သူ သတင်းအချက်အလက်ပြန်ကြားရေး အရာရှိ | ၁၀၀,၀၀၀ | ရပ်ရွာလူထုနှင့် နည်းလမ်းများစွာဖြင့် ဆက်ဆံရာတွင် ပြည်သူလူထုဆက်ဆံရေးနှင့် မြို့တော်ကော်မရှင်အပေါ် ထားရှိသည့် မျှော်မှန်းချက်သည် မြင့်မားပါသည်။ ၂၀၁၃ခုနှစ်တွင် မြို့တော်မှ လူထုဆက်ဆံရေး အထူးအလုပ်မှုဆောင်ရာထူးကို ဖန်တီးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် လူထုဆက်ဆံရေး မန်နေဂျာရာထူးသို့ တိုးမြင့်ခဲ့ပါသည်၊ အလွှာများစွာဖြင့် ချိတ်ဆက်ရခြင်း၊ အများပြည်သူ အစုရှယ်ရာဝင်များစွာဖြင့် ပူးပေါင်းကာလက်တွဲလုပ်ကိုင်ရခြင်းနှင့် မြို့တော်၏ အများပြည်သူ သတင်းအချက်အလက်ပြန်ကြားရေး အရာရှိအနေဖြင့် လုပ်ဆောင်ရသော ဝန်ဆောင်မှုများအတွက် အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ အများပြည်သူထံ အမှာစကားဖြန့်ဝေရန်နှင့် ထိတွေ့မှုရှိစွာ လုပ်ဆောင်ရန် လိုအပ်မှုသည် အထူးသဖြင့် ကမ္ဘာ့ကပ်ရောဂါကြုံတွေ့စဉ်ကာလအတွင်း အဆမျှားစွာတိုးပွားလာသည်။ ထို့ကြောင့် ထပ်မံ၍ မြို့တော်၏ ပြည်သူလူထုဆက်ဆံရေး၊ လိုအပ်ချက်များနှင့် အမြော်အမြင်စိတ်ကူးစိတ်သန်းများဖော်ဆောင်ရန်အတွက် ထပ်ဆောင်းရာထူးအသစ်ခန့်အပ်ရန် လိုအပ်လာပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | ရပ်ရွာရှေ့ဆောင်အဖွဲ့ The Village Initiative / Catalytic Community Giving | ၁.၅ သန်း | The Village သည် ဘက်တဲလ်ခရိမြို့ရှိ BIPOC (လူမည်း၊ ဒေသခံတိုင်းရင်းသား၊ အသားအရောင်ကွဲပြားလူမျိုးများ) အများပြည်သူအဖွဲ့မှ အသင်းဝင်များ၏ ဦးဆောင်မှုဖြင့် တရားမျှတမှုရရှိနိုင်ရန်၊ စနစ်နှင့် ဖွဲ့စည်းတည်ဆောက်ပုံမှ အတားအဆီးတို့ကြောင့် ဖွံ့ဖြိုးမှုနှင့် ကြီးပွားတိုးတက်မှုများ နှောင့်နှေးမှုခြင်းတို့ကိုတိုက်ဖျက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု ရလာဒ်နှင့် စီမံချက်ဖြစ်ပါသည်။ စုပေါင်းပါဝင်ခြင်းအားဖြင့် လွတ်မြောက်ကြမည် ဟူသည့် သီအိုရီကိုအခြေခံကာ ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး အသားအရောင်ကွဲပြားသောလူထုသည် ရည်မှန်းချက်ပန်းတိုင် အတူတူနှင့် စည်းလုံးသည့် ရပ်တည်ချက်ရှိပါက ပိုမို၍အောင်မြင်အောင်လျှောက်လှမ်းနိုင်မည်ဆိုသော ယုံကြည်ချက်ဖြင့် စနစ်ကိုပြောင်းလဲရေးအတွက် ကြိုးစားသွားနိုင်ရန် The Village မှ ရည်ရွယ်ဖန်တီးလိုခြင်းဖြစ်ပါသည်။ The Village ၏ ပြန်လည်ဖော်ဆောင်မည့် စီမံချက်မှ စီးပွားရေးဖွံ့ဖြိုးမှု၊ စက်မှုလုပ်ငန်း၊ စားသောက်ကုန်၊ ပညာရေး၊ ကျန်းမာရေးနှင့် ကြွခိုင်ရေး၊ တစ်ကိုယ်ရည်ကြီးပွားတိုးတက်မှုနှင့် ထောက်ခံအားပေးမှုကို အခြေခံသော အခွင့်အလမ်းများနှင့် ရပိုင်ခွင့်များဖန်တီးပေးမည်ဖြစ်သည်။ ရည်မှန်းချက်ပန်းတိုင်များ ၁) ကျန်းမာသည့် ကြီးပွားတိုးတက်မှု၊ သင်ယူလေ့လာမှုနှင့် ကလေးငယ်များဖွံ့ဖြိုးတိုးတက်မှုတို့အား ကူညီတိုးမြင့်နိုင်ရန်၊ ၂) ကြံ့ခိုင်သော မိသားစုများနှင့် ရပ်ရွာလူထု တည်ငြိမ်အေးချမ်းသာယာရေးတို့အား ထောက်ပံ့ကူညီနိုင်ရန်၊ ၃) စီးပွားဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ပိုမို၍ရရှိနိုင်ရေး။ |
| မြို့တော် စီမံခန့်ခွဲရေး | မြို့တော်ဝန်ထမ်းများ၏ ကိုဗစ်-၁၉ အလုပ်ရပ်နားထားခြင်း လစာများ ပေးချေခြင်း | ၆၀,၀၀၀ | မြို့တော်ဝန်ထမ်းအများအပြားသည် ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားနေစဉ်အတွင်း ဆက်လက်ပြီး ဝန်ဆောင်မှုများ ပေးခဲ့ပါသည်၊ လူထုကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ လိုက်နာ၍ lockdown အမိန့်သတ်မှတ်ချက်များအရ လည်းဆောင်ရွက်ခဲ့ကြပါသည်။ သင့်လျော်သော အချို့ဝန်ထမ်းများသည် ၎င်းအချိန်အတွင်း လစာပေး ပျက်ကွက်ခွင့် ထပ်ဆောင်းရရှိခဲ့ကြပါသည်။ ထို့ကြောင့် အဆိုပါဝန်ထမ်းများမှ မိမိတို့ရရှိခဲ့သော လစာပေးပျက်ကွက်ခွင့်အတွက် ကျသင့်ငွေများကို ထုတ်ယူလိုပါလျှင် ခွင့်ပြုခဲ့ပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | စားသုံးသူ ဝန်ဆောင်မှု၊ မြို့တော် အဖွဲ့အစည်း၏ ဓလေ့ နှင့် | ၂၅၀,၀၀၀ | အရည်အသွေးစစ်ဆေးမှု Equity Audit ကို ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ပြီးမြောက်အောင်ပြုလုပ်မည် ဖြစ်ပြီး မတူကွဲပြားခြင်း၊ တရားမျှတခြင်းနှင့် ပါဝင်သက်ရောက်စေခြင်း စီမံချက်တို့ကို မြို့တော်အတွက် ရလာဒ်အနေဖြင့် |

ဘက်တဲလ်ခရိမြို့ - အမေရိကန် ကယ်ဆယ်ရေး အစီအစဉ် အက်ဥပဒေ
အကြံပြု/အလားအလာရှိ စီမံချက်များ

| | | | |
|---|---|---|---|
| | မတူကွဲပြားခြင်း/ တရားမျှတခြင်း/ ပါဝင်သက်ရောက်စေခြင်း သင်တန်း | | ရရှိစေမည်ဖြစ်သည်။ အဆိုပါစီမံချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြစ် တင်ပြလိုသည်မှာ တရားမျှတစွာ လုပ်ဆောင်မှု အစဉ်အလာ ဖြစ်ပေါ်စေရန် ဝန်ထမ်းများအား သင်တန်းပေးခြင်းဖြစ်ပါသည်၊ ထို့အပြင် စားသုံးသူဝန်ဆောင်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုဓလေ့များအပါအဝင်ဖြစ်သည်။ ဤကဲ့သို့ သင်တန်းပေးခြင်း အခွင့်အလမ်းများ ရရှိနိုင်သည့်အတွက် ဝန်ထမ်းများအနေဖြင့် အများပြည်သူတစ်ဦးတစ်ယောက်တိုင်းအား အကောင်းဆုံးဝန်ဆောင်မှု ပေးစွမ်းနိုင်စေရန်ဖြစ်ပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | Kellogg ကဲလော့ဂ်အားကစားရုံ ထောက်ပံ့မှု | ၃၇၀,၀၀၀ | ကဲလော့ဂ်ပွဲရုံအား စီမံခန့်ခွဲသည့် ဆီရီရယ် မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအသင်းနှင့် ပွဲတော်ဈေးပွဲ ကွက်လပ်နေရာ တို့သည် Vibe@5, Post Band concerts နှင့်  Food Truck Fridays ကဲ့သို့သော အဓိကကျသည့် နွေရာသီပွဲတော်များကို စီစဉ်နေသည့် အဖွဲ့များဖြစ်ပြီး Cereal Festival နှင့် Caribbean Fest စသည့် ပွဲများနှင့်လည်း လက်တွဲဆောင်ရွက်သည်ဖြစ်ကာ မြို့တော်ရှိ ပန်းခြံများနှင့် အပန်းဖြေရာ နေရာများအတွက် အဓိကလုပ်အား ကူညီထောက်ပံ့မှုပေးနေခြင်းဖြစ်သည်။ ဤရန်ပုံငွေရရှိခြင်းဖြင့် ကပ်ရောဂါကြောင့် အထိနာဆုံး ကဏ္ဍဖြစ်သည့် ဖျော်ဖြေမှု ကျင်းပရာနေရာများနှင့် လှုပ်ရှားမှုများအတွက် အသုံးဝင်သည့် ကူညီမှုဖြစ်ပါသည်။ |
| မြို့တော် စီမံခန့်ခွဲရေး | ဟိုတယ်/မိုတယ် အများသုံး မီးဖိုချောင် ချေးငွေများ | ၇၇၅,၀၀၀ | **မြို့တော် ကော်မရှင်ထံမှ အောက်တိုဘာလ ၁၉၊ ၂၀၂၁ တွင် ခွင့်ပြုချက်ရရှိပြီး** - ကပ်ရောဂါကာလကြောင့် နေအိမ်မှ ဖယ်ရှားခံရခြင်းများ ကြုံတွေ့လာရမည်ကို ခန့်မှန်းသိရှိရပါသည်၊ သို့ဖြစ်လျှင် မိသားစုများသည် အခြားနည်းလမ်း ရွေးချယ်ရန် မရှိပါက ဟိုတယ်များ/မိုတယ်များတွင် နေထိုင်ကြသည်ကို သိရှိရပါသည်။ ဟိုတယ်များ/မိုတယ် များတွင် ကာလတာရှည်-နေထိုင်နေရသည့် မိသားစုများအား ကူညီလိုပါသည်၊ ထို့အပြင် သက်သာချောင်ချိရေး အိမ်ယာများ ရရှိနိုင်ရန်အတွက်လည်း ပြုလုပ်ပေးပါသည်။ ဤချေးငွေအစီအစဉ်သည် forgiveable loan အားလုံး ဖြစ်စေ တစ်ပိုင်းတစ်စဖြစ်စေ အကြွေးအားလျှော်ပေးနိုင်သည့် ချေးငွေအမျိုးအစားဖြစ်သည်။ |
| ပြန်ကြားရေး | အများပြည်သူ သတင်းစာစောင် ပြန်တမ်းများ | ၃၆,၄၀၀ | ၂၀၂၀ ခုနှစ် နွေဦးကာလ ကိုဗစ်-၁၉ ကပ်ရောဂါစတင်ပြီး မကြာခင်ကာလတွင် မြို့တော်မှ နောက်ဆုံး အများပြည်သူ သတင်းစာစောင်အား ပေးပို့ခဲ့ပါသည်။ မြို့တော်၏အင်တာနက်စာမျက်နှာတွင်လည်း တင်ပြထားခဲ့ပါသည်။ ကပ်ရောဂါကာလ အချိန်နှင့် ဘဏ္ဍာငွေအခက်အခဲကြောင့် ထိုအချိန်နောက်ပိုင်းတွင် သတင်းစာစောင်ထုတ်ပြန်နိုင်ခဲ့ ခြင်းမရှိခဲ့ပါ။ ရပ်ရွာလူထုထံမှ မြို့တော်၏ သတင်းစာစာရွက်မှတစ်ဆင့် သတင်းအချက်အလက်များ ရရှိကြောင်း ပြန်လည် ပြောကြား၍ သိရှိခဲ့ရပါသည်။ ဆက်လက်၍ သတင်းအချက်အလက်များကို ယခင်နည်းအတိုင်း ထုတ်ပြန် သွားနိုင်ရန် ကြိုးစားသွားပါမည်။ |
| ပြန်ကြားရေး | ဘက်တဲလ်ခရိမြို့ လက်တွေ့ မြေပြင် အထောက်အပံ့ | ၅၄,၀၀၀ | ဒုတိယလှိုင်း/ လက်တွေ့ဆင်းသည့် အဖွဲ့၏ မြို့တော်ထံတင်ပြချက်အရ များပြားလှသည့် အဖြစ်အပျက်များသိရှိ ရပါသည်၊ ထိုအဖွဲ့များမရှိခဲ့လျှင် မြို့တော်အနေဖြင့် အဆိုပါ အကြောင်းများ သိရှိနိုင်မည်မဟုတ်ပါ။ လုပ်ငန်းငယ်များ၊ ရပ်ရွာလူထု အစီအစဉ်များနှင့် များစွာသော ဖြစ်ရပ်များကို ထိုအသင်းအဖွဲ့များထံမှ သိရှိရသည်။ မြို့တော်သည် ဖော်ပြပါ အစီအစဉ်များသို့ ဘဏ္ဍာငွေထောက်ပံ့မှုများကို အေဂျင်စီအဖွဲ့များ အုပ်စုဖွဲ့ခြင်းဖြင့် ခွဲတမ်းချပေးနေ ပါသည်၊ ပါဝင်သည့် အစီအစဉ်များမှာ Calhoun County ကယ်လ်ဟွန်းခရိုင်၊ Michigan Works! နှင့်  Binda Foundation ဘင်ဒါ ဖောင်ဒေးရှင်း စသည့် များစွာသော အဖွဲ့များသို့ဖြစ်သည်။ ကပ်ရောဂါကြောင့် ရန်ပုံငွေ အစိတ်အပိုင်းတစ်ချို့အား ခွဲဝေပေးခြင်း မရှိနိုင်ခဲ့သည်မှာ နှစ်နှစ်တာကာလရှိပြီဖြစ်ပါသည်။ ဤကဲ့သို့ အဖြစ်အပျက် ဇာတ်လမ်းများ သိရှိနိုင်ခြင်း၏ တန်ဖိုးကို နားလည်သည်ဖြစ်သောကြောင့် ဘက်တဲလ်ခရိမြို့အတွက် ဆက်လက်၍ ထပ်တိုးစီမံချက် အစီအစဉ်များလုပ်ဆောင်သွားရန်ရှိပါသည်၊ အထူးသဖြင့် လူငယ်များ၏အသံကို အဓိကထား လုပ်ဆောင်သွားလိုပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | Watkins လမ်းတံတားသေး အစားထိုးပြုပြင်ခြင်းနှင့် မြေတာရိုး နဂိုအတိုင်း ပြုပြင်မွမ်းမံခြင်း | ၇၀၀,၀၀၀ | Minges Brook အပေါ် ဖြတ်သန်းသည့် Watkins လမ်းတံတားသေး အစားထိုးပြုပြင်ခြင်းနှင့် မြေတာရိုး ဆွေးမြေ့ပျက်စီးခြင်းအား ဖယ်ဖျက်ခြင်း။ ဤအလုပ်သည် Big Marsh Drain ခရိုင်အတွက် မြို့တော်၏ ဘဏ္ဍာငွေ ချမှတ်ရမည့် နောက်ဆုံးတာဝန်အနေဖြင့် စံမှီသည်ဖြစ်ကာ မုန်တိုင်းကြောင့်ရေကြီးခြင်းမှ ဖြစ်ပေါ်သော မြေယာပျက်စီးမှုကို ဖြေရှင်းရာလည်း ရောက်သည်ဖြစ်ပါသည်။ စုန်ဆင်းရေကြောင့် နှစ်စဉ်နှစ်တိုင်း တန်ချိန်များစွာ အနည်ထိုင်သည့်အတွက် ဆွေးမြေ့ပျက်စီးလာသည့် မြေတာရိုးအား နဂိုအတိုင်း ပြုပြင်မွမ်းမံခြင်း ပြုလုပ်မည် ဖြစ်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | မုန်တိုင်းရေပြင် လေ့လာမှု | ၅၀,၀၀၀ | Upton အက်ပ်တမ်လမ်း၊ Dickman ဒစ်ခ်မန်လမ်း၊ Angell အန်ဂယ်လ် လမ်း၊ နှင့် Grand Trunk ဂရမ်းထရန့်ခ်လမ်း ဧရိယာသည် မုန်တိုင်းပြင်းထန်မှုများကြောင့် ရေကြီးမှုအား ကာလကြာရှည်စွာ တွေ့ကြုံနေရပါသည်။ ရေကြီးရခြင်း အကြောင်းရင်းမှာ ယင်းဧရိယာတောင်ပိုင်းတွင်ရှိနေသော ကြီးမားသည့် ရေနုတ်မြောင်းနေရာနှင့် ဆက်စပ်နေပါသည်။ တင်ပြထားသည့် စီမံချက်အရ ဤ ကာလ-ကြာရှည် ဖြစ်ပေါ်နေသည့် ပြဿနာအား |

| | | | |
|---|---|---|---|
| | | | ဖြေရှင်းနိုင်ရန် အဖြစ်အပျက် အကြောင်းရင်း၊ ဖြေရှင်းချက်နှင့် ကုန်ကျစရိတ်တို့ကို နားလည်သိရှိနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်မည့် အင်ဂျင်နီယာအားငှားရမ်းနိုင်မည်ဖြစ်သည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | ပိုမိုကောင်းအောင်ပြုပြင်ခြင်း/ “ဘက်တဲလ်ခရိမှ ကြိုဆိုပါတယ်” အုတ်တံတိုင်းနှင့် ရေပန်းအား နဂိုအတိုင်း ပြန်လည်ပြုပြင်ခြင်း | ၅၀,၀၀၀ | အဆိုပါ မြို့အဝင်ဂိတ် အုတ်မြစ်များကို ၁၉၉၇-၁၉၉၈ ခုနှစ်များတွင် တည်ဆောက်ထားခဲ့ပြီး ပြုပြင်မွမ်းမံခြင်း ပြုလုပ်ရန်လိုအပ်နေပါသည်။ လုပ်ဆောင်ရန် လိုအပ်သည်များမှာ အုတ်ကျောက်တုံးများအား ပိတ်ဆို့ခြင်းနှင့် မြေ-မြုပ် မီးများအား LED သို့ပြုပြင်မွမ်းမံခြင်းနှင့် ရေပန်းရေကန်အား ရေလုံစေရန်ပြုလုပ်ခြင်းအားဖြင့် ဘက်တဲလ်ခရိမြို့သို့တောင်ဘက်မှ လာရောက်ကြမည့် ဧည့်သည်များအား ဆက်လက်နှုတ်ခွန်းဆက်သခြင်း ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | Sojourner Truth ကျောက်ရုပ် / အမိုးမဲ့ပွဲကြည့်စင်ဝိုင်းအား ပိုမိုကောင်းအောင် ပြုပြင်ခြင်း | ၅၀,၀၀၀ | Sojourner Truth ကျောက်ရုပ်နှင့် အမိုးမဲ့ပွဲကြည့်စင်ဝိုင်းကို ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ နှစ် ၂၀ ကျော်ခန့်မှ အပြင်ပတ်ဝန်းကျင်ထိတွေ့မှုများကြောင့် စေ့စေ့-စပ်စပ် ပြန်လည်ပြုပြင်ခြင်းပြုလုပ်ရန် လိုအပ်နေပါသည်။ ဤစီမံချက်သည် ကာ့ဖ်ကင်း အသစ်ပြန်လည်ပြုပြင်ခြင်း၊ ကွန်ကရစ်ပြုပြင်ခြင်း၊ လက်ရန်းများ အသစ်ပြန်လည်တပ်ဆင်ခြင်း၊ အလှူရှင် ကဗျည်းကျောက်စာပြား ပြန်လည်ပြုပြင်ခြင်း၊ LED မီးများ အဆင်မြင့်မွမ်းမံခြင်းနှင့် တိုင်များပုံသွင်းထားသည်များကို ကွန်ကရစ်အသစ်ထပ်အုပ်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ အများပြည်သူနှင့် ဧည့်သည်များ ဤသမိုင်းဝင်သည့် ပန်းခြံနှင့် ကျောက်ရုပ်တို့ကို ဆက်လက်ပြီး ရှုစားသက်ဝင်စေနိုင်ရန်ဖြစ်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | မြို့တော်ခန်းမမှ ဆောက်လုပ်ရေး ဝန်ကြီးဌာနအထိသွယ်ထားသည့် ဖိုင်ဘာအင်တာနက်ကြိုးများ အသစ်လဲခြင်း | ၂၅,၀၀၀ | ဖိုင်ဘာလိုင်းများ အသစ်လဲခြင်းဖြင့် ရပ်ရွာလူထုသို့ မြို့တော်ဝန်ဆောင်မှုများအတွက် အထောက်အကူဖြစ်စေမည့် အနာဂါတ်လိုအပ်ချက်အတွက်ဖြစ်သည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | Emmett အမ်မက်ထ်လမ်းမှ Roosevelt ရိုစီဗလ်ထ်လမ်းအထိ ဖိုင်ဘာလိုင်း တပ်ဆင်ခြင်း | ၄၀,၀၀၀ | ဤစီမံချက်တွင် North နော့သ်လမ်းနှင့် Emmett အမ်မက်ထ်လမ်းဆုံမှ နော့သ်လမ်းနှင့် Roosevelt ရိုစီဗလ်ထ်လမ်းဆုံအထိ မြို့တော်၏ မီးပွိုင့် ဖိုင်ဘာကွန်ရက်အား တပ်ဆင်တိုးချဲ့ရန် လိုအပ်သည့် ဖိုင်ဘာနှင့် စက်ပစ္စည်းအားလုံးပါဝင်သည်။ တပ်ဆင်ပြီးလျှင် မီးပွိုင့်များကြား ပိုမို၍ ယုံကြည်စိတ်ချရသည့် မြန်ဆန်သည့် ဆက်သွယ်မှုရရှိနိုင်မည်ဖြစ်ပြီး အနာဂါတ်အခွင့်အလမ်းများလည်း ပံ့ပိုးနိုင်မည်ဖြစ်သည်၊ ဥပမာ Irving အာဗင်း ပန်းခြံ၌ ဝိုင်-ဖိုင် အင်တာနက်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန | ပန်းခြံအများအပြားတွင် အများပြည်သူသုံး ဝိုင်-ဖိုင် | ၄၀,၀၀၀ | ကျောင်းဖြစ်စေ၊ စီးပွားလုပ်ငန်း သို့မဟုတ် အပန်းဖြေအသုံးပြုခြင်းဖြစ်စေ အင်တာနက် ဆက်သွယ်မှုသည် ရွေးချယ်မှု သီးသန့်တစ်ခုသာ မဟုတ်တော့ပါ။ အဆိုပါကိစ္စအား ဖြေရှင်းနိုင်ရန် မြို့လယ်ခေါင်ရှိ လူအသွားအလာများသော အများပြည်သူပန်းခြံနေရာများတွင် အများသုံး ဝိုင်-ဖိုင် တိုးချဲ့တပ်ဆင်ရန် ပံ့ပိုးလိုပါသည်။ ဤစီမံချက်တွင် ဖိုင်ဘာ၊ စက်ပစ္စည်းနှင့် အသုံးပြုနိုင်ရန်နေရာများအားလုံးပါဝင်မည်ဖြစ်ပြီး ပန်းခြံနေရာများဖြစ်သည့် Anybodies Playground၊ Claude Evans ကလော့ဒ် အဲဗန် ပန်းခြံ၊ Piper ပိုင်ပါ ပန်းခြံနှင့် Willard ဝေလာ့ဒ်ကမ်းခြေစသည့် အများပြည်သူပန်းခြံဧရိယာများတွင် ဝိုင်-ဖိုင်တပ်ဆင်မည်ဖြစ်သည်။ |
| ဘဏ္ဍာရေး | လက်ထောက် ဘတ်ဂျက် သုံးစွဲမှု အရာရှိ | ၈၁,၀၀၀ | ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဘဏ္ဍာရေးအလုပ်အကိုင် ရာထူး နှစ်ခုအား ပယ်ဖျက်ထားခဲ့ပါသည်။ မြို့တော်ဘဏ္ဍာငွေဆိုင်ရာ အလုပ်တာဝန်များသည် ပမာဏလျော့ကျခြင်းမရှိပဲ ARPA ရန်ပုံငွေများသည် များပြားသည့်လိုက်နာခြင်း၊ အစီရင်ခံစာတင်ပြခြင်းနှင့် စာရွက်စာတမ်းများ မှတ်တမ်းတင်ရခြင်း လိုအပ်ချက်များဆက်လက်ရှိနေပါသည်။ ဤရာထူးအား ပြန်လည်အသက်ဝင်စေခြင်းဖြင့် လစ်ဟနေသည့် နေရာတစ်ခုအား ဖြည့်ဆည်းခြင်းဖြစ်ပြီး မြို့တော်မှလည်း ARPA ရန်ပုံငွေအသုံးစရိတ်များအပေါ် စာရင်းအင်းသေချာစွာ ပြုစုရာတွင် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နိုင်ရေးအတွက် သေချာစေမည်ဖြစ်သည်။ |
| မီးသတ် | ရေပိုက်ဆက်သွယ်မှုစနစ် ကိစ္စများ ကိုင်တွယ်ခြင်း၊ ကူးစက်စေနိုင်သည့် အဆိပ်အတောက် ပိုးမွှားများနှင့် -ဝန်ထမ်းများနေထိုင်သည့်နေရာအား ခွဲခြားထားမည့် PPE ပိုးမွှားဖယ်ရှားသည့် ဧရိယာများ ဆောက်လုပ်ခြင်း -မီးသတ်စခန်းအားလုံး | ၁၅၀,၀၀၀ | ရေပိုက်ဆက်သွယ်မှုစနစ်အဆင့်မြင့်တင်ခြင်းအား မီးသတ်စခန်းဌာနအားလုံးတပ်ဆင်ခြင်းကြောင့် သက်တမ်း နှစ် ၁၀၀ ကျော်ပြီဖြစ်သည့်အဆောက်အဦးများတွင် (မီးသတ်ဌာန ၂ ဆောက်လုပ်သည့်နှစ် ၁၉၀၃ ခုနှစ်၊နှင့် မီးသတ်ဌာန ၃ ဆောက်လုပ်သည့်နှစ် ၁၉၀၂ ခုနှစ်) သတ်မှတ်ချက်စံနှင့်ညီစေရန်လည်း သေချာနိုင်မည်ဖြစ်သည်။ PPE ပိုးမွှားဖယ်ရှားသည့်ဧရိယာများ ဆောက်လုပ်ခြင်းဖြင့် ပိုးမွှားများပါရှိနေနိုင်မည့် တစ်ကိုယ်ရည် ကာကွယ်ရေး ဝတ်စုံများအား လူနေရာအရပ်များမှ သီးသန့်ခွဲထားနိုင်ရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ ရှေ့ဆောင်မီးသတ်ဝန်ထမ်းများအား ကာကွယ်မှုနှင့် ကူညီထောက်ပံ့မှုပေးခြင်းဖြင့် မိမိတို့ပြည်သူလူထုအား နေ့စဉ်နှင့်အမျှ ဝန်ဆောင်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ |
| မီးသတ် | မီးသတ်ဌာန ၁ အတွက် မီးစက် | ၄၅,၀၀၀ | မီးသတ်စခန်းဌာနများသည် ၂၄/၇/၃၆၅ ရက်လုံးအလုပ်လုပ်ရသည်ဖြစ်ပြီး မီးပျက်ခြင်းများဖြစ်ပေါ် ခဲ့လျှင် အရေးပေါ် back-up မီးစက်များရှိနေခြင်းသည် အလွန်အရေးပါလှပါသည်။ လက်ရှိကျွန်ုပ်တို့၏မီးစက်များသည် သက်တမ်းလွန်နေပြီဖြစ်ပြီး ၎င်းတို့ကို ထိန်းသိမ်းခြင်းနှင့် အစိတ်အပိုင်းများ လဲလှယ်ခြင်းသည် ပိုမို၍ |
| မီးသတ် | မီးသတ်ဌာန ၅ အတွက် မီးစက် | ၂၁,၅၀၀ | |
| မီးသတ် | မီးသတ်ဌာန ၂ အတွက် မီးစက် | ၂၀,၀၀၀ | |

| | | | |
|---|---|---|---|
| | | | ခက်ခဲလာပါသည်။ (မီးသတ်ဌာန ၁၊ East Michigan အရှေ့မစ်ရှီဂန်လမ်း၊ မီးသတ်ဌာန ၅၊ West Michigan အနောက် မစ်ရှီဂန်လမ်း၊ မီးသတ်ဌာန ၂ North Washington မြောက် ဝါရှင်တန်လမ်း) |
| မီးသတ် | မီးသတ်-ဝတ်စုံ လျှော်စက် | ၂၅,၀၀၀ | မီးသတ်သမားများဝတ်ဆင်သည့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများ စနစ်တကျ လျှော်ဖွတ်ခြင်းနှင့် အခြောက်ခံခြင်းသည် လူ့ခန္ဓာကိုယ်အတွင်းသို့ အဆိပ်အတောက်များကူးစက်နိုင်ခြင်းကို သိသာစွာလျော့ချပေးနိုင်သည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့၏မီးသတ်ဝန်ထမ်းများအတွက် ကင်ဆာဖြစ်ပွားမှုနှုန်းထားများလည်းလျော့ချပြီးဖြစ်ကာ ပိုမိုဘေးရန်ကင်းသော၊ ကျန်းမာရေးနှင့်ပိုမိုညီညွတ်စေပြီး ပြည်သူလူထုအားနေ့စဉ်နှင့်အမျှ ဆက်လက်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ |
| မီးသတ် | မီးသတ်ဌာန ၂ အတွက် HVAC အပူပေးစက် | ၁၅,၀၀၀ | မြောက် ဝါရှင်တန်လမ်း မီးသတ်ဌာနသည် သက်တမ်း နှစ် ၁၀၀ ကျော်အိုဆွေးနေပြီဖြစ်သော မီးသတ်ဌာန နှစ်ခုအနက် တစ်ခုဖြစ်ပြီး အပူပေးစက် အသစ်လဲလှယ်ရန် လိုအပ်နေပါသည်။ မီးသတ်ဌာနများသည် ၂၄/၇/၃၆၅ ရက်အလုပ်လုပ်နေရသောကြောင့် မိမိတို့၏ မီးသတ်ဝန်ထမ်းများအား ဘေးရန်ကင်းစွာ ကျန်းမာစွာစောင့်ရှောက်ရန် တာဝန်ရှိပါသည်၊ ထိုမှသာ အများပြည်သူအပေါ် ဆက်လက်၍ နေ့စဉ်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ |
| မီးသတ် | မီးသတ်ဌာန ၁ ၌ HVAC စနစ် လေလည်ပတ်မှု/ပြွန်ပိုက်လိုင်း | ၁၃,၀၀၀ | စီမံခန့်ခွဲရေးဌာနအတွက် လိုအပ်နေသော ပြုပြင်မွမ်းမံမှုဖြစ်သည်။ မီးသတ်စခန်းဌာနများသည် ၂၄/၇/၃၆၅ ရက်လုံး အလုပ်လုပ်နေသည်ဖြစ်ပြီး မိမိတို့၏ မီးသတ်ဝန်ထမ်းများအား ဘေးရန်ကင်းစွာ ကျန်းမာစွာစောင့်ရှောက်ရန် တာဝန်ရှိပါသည်၊ ထိုမှသာ အများပြည်သူအပေါ် ဆက်လက်၍ နေ့စဉ်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ |
| မီးသတ် | လျှပ်စစ်ပိုင်းဆိုင်ရာကိစ္စများ ကိုင်တွယ်ခြင်း - မီးသတ်ဌာန အားလုံး | ၂၅၀,၀၀၀ | မီးသတ်ဌာနများသည် ၂၄/၇/၃၆၅ ရက်အလုပ်လုပ်နေရသောကြောင့် ၎င်းတို့၏ လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်များ၏ ဘေးရန်ကင်းမှု၊ စံနှုန်းသတ်မှတ်ချက် ပြည့်မီမှုတို့သည် အရေးကြီးပါသည်၊ အထူးသဖြင့် သက်တမ်း နှစ် ၁၀၀ ကျော်ပြီဖြစ်သည့် မီးသတ်ဌာန နှစ်ခု (မီးသတ်ဌာန ၂ မြောက်ဝါရှင်တန်လမ်းနှင့် မီးသတ်ဌာန ၃ ကလစ်ဖ်လမ်း) |
| လူသားအရင်းအမြစ် | HR နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်း - Logos စနစ် အသစ်ပြောင်းလဲခြင်း | ၄၅၀,၀၀၀ | စီမံချက် နှစ်ခုလုံးသည် တူညီသော ဖြေရှင်းချက်ရှိပါသည် - လူသားအရင်းအမြစ် သတင်းအချက်အလက်စနစ် အသစ်။ ၂၀၀၉ ခုနှစ်ကတည်းက Logos သတင်းအချက်အလက် ဒေတာစနစ်ကိုသုံး၍ ဝန်ထမ်းများ၏ဒေတာအချက်အလက်များကို သိမ်းဆည်းထားပါသည်။ လက်ရှိတွင် CivicHR စနစ်အား လိုအပ်သည့် စီမံခန့်ခွဲမှုများ၊ အလုပ်လျှောက်လွှာရှင် စီစစ်ရေးလည်ပတ်မှုနှင့် လျှောက်ထားသူများ စာရင်းပြုစုမှုတို့အတွက် အသုံးပြုနေပါသည်။ Logos နှင့် CiviHR စနစ်များ၏ ကန့်သတ်ချက်များသည် ပြီးပြည့်စုံမှုမရှိခြင်း၊ ဒေတာ ပုံတူထပ်နေခြင်း၊ အစီရင်ခံတင်ပြမှုမရှိခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ HRIS စနစ်သည် HR ဒေတာအားလုံးကို ဗဟိုပြုချုပ်ကိုင်ခြင်းစနစ်ဖြစ်သောကြောင့် လိုအပ်သည့် ဝန်ထမ်းအချက်အလက်များကို ဒေတာစာရင်းသီးသန့်ရှာဖွေရခြင်း၊ စာရင်းဇယားနှင့်/သို့မဟုတ် ကွန်ပျူတာ-ရိုက်စာ ဖိုင်များရှာဖွေရခြင်းတို့ ပြုလုပ်ရန်မလိုအပ်ပဲ တစ်နေရာတည်းတွင်ရှာဖွေနိုင်မည်ဖြစ်သည်။ ဒေတာ ပုံတူထပ်နေခြင်းအား ရှောင်လွဲနိုင်သည့်အပြင် လက်ရှိဝန်ထမ်းနှင့် ဝန်ထမ်းအသစ်များအတွက် ပြောင်းလဲမှုများပြုလုပ်ခြင်းသည် ပိုမိုလွယ်ကူပြီး ပိုမိုတိကျစွာ ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် လူတိုင်းအတွက် ပိုမိုသာလွန်သော အတွေ့အကြုံကို ပေးစွမ်းနိုင်သည်ဖြစ်သည်။ |
| လူသားအရင်းအမြစ် | HR နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်ခြင်း - CivicHR အသစ်ပြောင်းလဲခြင်း | ၁၀၀,၀၀၀ | |
| လူသားအရင်းအမြစ် | စာရွက်စာတမ်း သိမ်းဆည်းမှု စနစ်အသစ် | ၁၀၀,၀၀၀ | HR ဌာနသည် ဖိုင်သိမ်းဆည်း အံဆွဲဗီရိုအသစ် နှင့်/သို့မဟုတ် တွန်းလှည်းစင်အသစ်များ လိုအပ်သည်။ လက်ရှိအသုံးပြုနေသည့် ဖိုင်သိမ်းဆည်းအံဆွဲဗီရိုများသည် - ဝန်ထမ်းများ၏ လျှို့ဝှက်မှတ်တမ်းအချက်အလက်များ သိမ်းဆည်းခြင်း - အိုဆွေးလာပြီဖြစ်ပြီး ပြုပြင်မှုလိုအပ်သည်။ ဝန်ထမ်းများ၏ မှတ်တမ်းများ ကာကွယ်ခြင်းအတွက် မီးဘေး-လုံခြုံမည့် ဖိုင်သိမ်းဆည်းဗီရိုများရရှိနိုင်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ HR ပင်မရုံးရှိ ဖိုင်သိမ်းဆည်းဗီရိုများ အားလုံးကို အသစ်လဲမည်ဖြစ်ပါသည်၊ ထို့အပြင် HR မြေအောက်ထပ်စတိုခန်းသို့ ဗီရိုအသစ်များလည်း ထားရှိပါမည်။ မြေအောက်ထပ်စတိုခန်းတွင် စက္ကူပုံးများစင်ပေါ်တင်၍သိမ်းဆည်းထားခြင်းက ရေနှင့် မီးဘေးသင့်မှုများအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ပါသည်။ လျှို့ဝှက်အချက်အလက်နှင့် တစ်ကိုယ်ရည်အချက်အလက်များ ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံးလုပ်ဆောင်နိုင်ရန် ကြိုးစားသွားပါမည်။ |
| လူသားအရင်းအမြစ် | လက်ထောက် စီမံအုပ်ချုပ်ရေး | ၆၀,၀၀၀ | ၂၀၁၈ ခုနှစ်မတိုင်ခင်ကာလတွင် HR လက်ထောက် စီမံအုပ်ချုပ်ရေးအတွက်ရန်ပုံငွေကို အတည်ပြုခဲ့ပါသည်။ ဘတ်ဂျက် ချွေတာရေးလျော့ချခြင်းများကြောင့် ယင်းရာထူးအား ခန့်ထားခြင်း မရှိခဲ့ပါ။ HR လက်ထောက်ရာထူးသည် ကူညီပံ့ပိုးသည့်သဘာဝရှိသည့်အလျောက် ဌာနအတွက်အရေးပါသည့် အခန်းကဏ္ဍဖြစ်ပါသည်။ ဤရာထူးအားခန့်အပ်ခြင်းခံရပါကလက်ရှိတွင် အခြားဝန်ထမ်းများမှတာဝန်ယူထားရသည့် နေ့စဉ်လုပ်ငန်းစဉ်တာများအားလုပ်ဆောင်ရမည်ဖြစ်သည်။ အာမခံ/ဆုံးရှုံးမှုထိန်းချုပ်ရေးအထူးအရာရှိအား ကူညီပံ့ပိုးမှု ပြုလုပ်ရပါမည်။ ထိုမှတစ်ဆင့် HR အပြင်ဘက်တွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ |
| IT နည်းပညာ | ဘဏ္ဍာရေး၊ လူသားအရင်းအမြစ်၊ လျှပ်စစ်မီး ရေ ဓာတ်ငွေ့ဖြန့်ချိရေး | ၁ သန်း | ၂၀၀၉ ခုနှစ်မှစ၍ အများပြည်သူအတွက် ဆော့ဖ်ဝဲနည်းပညာဆိုင်ရာ ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုများမြင်တွေ့ရပါသည်၊ အခြားအဝေးတစ်နေရာမှ အသုံးပြုခြင်းအပါအဝင်၊ အီလက်ထရွန်နစ်ပြေစာနှင့် အခြားပုံစံများ |

| | | | |
|---|---|---|---|
| | ဌာနအသီးသီး၏ ဆော့ဖ်ဝဲ စနစ် အသစ်ပြောင်းလဲခြင်း | | (ကီးရာ့စ်ခ် စက်များ) ထို့အပြင် နည်းစနစ်တိုးတက်လာခြင်းများဖြစ်သည်။ ယခုအခါတွင် စားသုံးသူများနှင့် အခွန်ပေးဆောင်သူများအတွက် ပိုမိုတုန့်ပြန်နိုင်စွမ်းရှိသော စီးပွားရေးဉာဏ်နှုန်းပြည့်မီ ကိရိယာများပေးစွမ်းနိုင်သည့် နည်းစနစ်များစွာ ဈေးကွက်ပေါ်၌ရှိနေပြီဖြစ်ပါသည်။ ကိုဗစ်-၁၉ ကာလအတွင်းပိတ်နားထားစဉ် မြို့တော်အနေနှင့် အလုပ်များဆက်လက်လုပ်ကိုင်နေခဲ့သော်လည်း ဆော့ဖ်ဝဲပိုင်းဆိုင်ရာကန့်သတ်ချက်များကြောင့် အခက်အခဲများစွာ ရှိပါသည်။ ဆော့ဖ်ဝဲနည်းပညာအသစ်ဖြင့် အများပြည်သူထံပိုမို၍တုန့်ပြန်စွမ်းအားကောင်းသည့် ချောမွေ့ပြေပြစ်သောဝန်ဆောင်မှုများပေးစွမ်းနိုင်တော့မည်ဖြစ်ပါသည်။ |
| IT နည်းပညာ | Firewall ဝယ်ယူခြင်း | ၁၆၂,၅၅၀ | မြို့တော်အတွက် ဆိုက်ဘာအင်တာနက်လုံခြုံမှုအနေနှင့် Firewall အသစ်ဝယ်ယူရန် ဦးစားပေးသင့်ကြောင်း အတည်ပြုခဲ့ပါသည်။ backups များအတွက် အကာအကွယ်ပေးနိုင်မည့်အပြင် အစိုးရဌာနများ၊ စီးပွားလုပ်ငန်းများနှင့် ရပ်ရွာလူထုအပေါ် အင်တာနက်တိုက်ခိုက်မှုများမှ သိသာထင်ရှားသည့် ကာကွယ်မှုအလွှာထပ်တိုးပေးနိုင်မည်ဖြစ်ပါသည်။ Firewall အသစ်မှပေးစွမ်းနိုင်သည်များမှာ - ID ကာကွယ်မှု ချိန်းခြောက်ခြင်း၊ ချိန်းခြောက်မှုအချို့အား ထုတ်ဖော်သိရှိပြီး မိမိတို့ ကွန်ရက်အတွင်းသို့ ဝင်ရောက်လာခြင်းသို့မဟုတ် ထွက်သွားခြင်း မပြုလုပ်ခင် တားဆီးခြင်း၊ PANDB URL စစ်ဆေးခြင်း၊ အသုံးပြုသူများ မသိကျွမ်းကျွံဖြင့် မသ်ကာဖွယ် သံသယဖြစ်ဖွယ် အန္တရာယ်များသည့် အင်တာနက်စာမျက်နှာများသို့ရောက်ရှိအသုံးပြုခြင်းမဖြစ်ပေါ်စေနိုင်ရန်၊ Wildfire Security သည် အင်တာနက်တိုက်ခိုက်မှုဟုသံသယရှိသော်သည်း အတည်ပြုနိုင်ခြင်းမရှိသေးသည့် တိုက်ခိုက်မှုများမှ ကာကွယ်ပါသည်၊ ထို့အပြင် အဝေးမှ အလုပ်လုပ်သည့် ဝန်ထမ်းများအတွက်လည်း မြို့တော် အင်တာနက်ကွန်ရက်သို့ ချိတ်ဆက်အသုံးပြုနိုင်မည့် ယန္တယားအဖြစ်လည်း ဆောင်ရွက်ပေးနိုင်ပါသည်။ |
| IT နည်းပညာ | စာရွက်စာတမ်းစီမံခန့်ခွဲခြင်း စနစ် | ၁၅၀,၀၀၀ | မြို့တော်သည် လက်ရှိတွင် အင်တာနက်ပေါ်သုံးမည့် စာရွက်စာတမ်းစီမံခန့်ခွဲမှုစနစ်မရှိသေးပါ။ ဘဏ္ဍာရေး၊ ရေ မီး လျှပ်စစ်အသုံးစရိတ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနတို့အတွက် စာရွက်ဖြင့်ပြုစုသည့် စနစ်ကိုသုံးပါသည်။ ယင်း စာရွက်ဖြင့်အသုံးပြုသည့် စနစ်ကြောင့် စားသုံးသူဝန်ဆောင်မှုနှင့် တိကျမြန်ဆန်မှုတို့အပေါ် အတားအဆီးသဖွယ် ဖြစ်ပေါ်နေပါသည်။ စာရွက်စာတမ်းစီမံခန့်ခွဲရေးစနစ် ရှိခြင်းအားဖြင့် ဖော်ပြပါဌာနများအတွက် ဆော့ဖ်ဝဲနှင့် ပေါင်းစပ်အသုံးပြုနိုင်ကာ အချက်အလက်များ လွယ်ကူစွာ ရှာဖွေခြင်းနှင့် တိကျမြန်ဆန်ခြင်းတို့ဖြင့် အများပြည်သူအတွက်ပိုမိုကောင်းမွန်သော ပိုမိုမြန်ဆန်သော ဝန်ဆောင်မှု ပေးနိုင်ပါမည်။ |
| IT နည်းပညာ | အချိန်မှတ်တမ်း စနစ် | ၁၀၀,၀၀၀ | မြို့တော်အား တိကျသေချာစွာ လည်ပတ်နိုင်ရေးအတွက် နောက်ထပ်စီမံချက်တစ်ခုဖြစ်ပါသည်။ ကိုဗစ်-၁၉ ပိတ်ဆို့မှုကာလအတွင်းတွင် ဝန်ထမ်းများအတွက်အချိန်ဇယားဆွဲခြင်းနှင့် အီလက်ထရွန်နစ် အချိန်မှတ်တမ်းပြုခြင်းအတွက် ပိုမိုကောင်းမွန်သည့် တိုးတက်မှုလိုအပ်သည်ကို တွေ့ရှိခဲ့ပါသည်။ |
| IT နည်းပညာ | အချက်အလက်ဒေတာ ဆာဗာများ အတွက်အာမခံ နှင့် သိမ်းဆည်းခြင်း | ၈၈,၄၂၄.၄၈ | မြို့တော်အချက်အလက်ဒေတာစင်တာအာမခံအတွက် နှစ်များထပ်တိုးခြင်းအားဖြင့် အလုံးစုံဆောင်ရွက်မှုတင်ပြချက်များနှင့် စက်ပစ္စည်းများသက်တမ်းကုန်သည်အထိ ကာကွယ်မှုရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နည်းပညာအား ကာကွယ်မှုနှင့် အဆင့်မြှင့်တင်မှု ပိုမိုပြုလုပ်နိုင်မှသာ စားသုံးသူများနှင့် အများပြည်သူအား ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ |
| IT နည်းပညာ | ဖိုင်ဘာ ဖန်မျှင်သုံး အချက်အလက် ပေးပို့စနစ်ကွန်ရက် ချဲ့ထွင်ခြင်း | ၃၂,၅၀၀ | ဤစီမံချက်သည် ပြည်သူလူထုအတွင်းကွာဟမှုရှိနေသည့် မြန်နှုန်းမြင့်-အင်တာနက် အသုံးပြုမှုအား ကိုင်တွယ်နိုင်မည်ဖြစ်သည်။ မြို့တော်အတွင်း မိုင် ၄၀ ခန့် အထိ ထပ်တိုးဖိုင်ဘာကွန်ရက်တပ်ဆင်နိုင်မည်ဖြစ်သည်။ ဒီဂျီတယ် ကွဲပြားမှုဖြစ်ပေါ် ခြင်းအား ပေါင်းစည်းမှုဖြစ်ပေါ်စေမည်ဖြစ်ပြီး ကလေးများနှင့်လူကြီးများအတွက် ပညာသင်ကြားရေးနှင့် ကျွမ်းကျင်ပညာရှင်များ အတွက် ဆက်သွယ်ရေးကူညီမှုဖြစ်စေပါမည်။ |
| IT နည်းပညာ | ညီလာခံအခန်းများ ကွန်ပျူတာသုံး ဆောင်ရွက်မှု အဆင့်မြှင့်တင်ခြင်း | ၁၀၀,၀၀၀ | လူကိုယ်တိုင်တက်ရောက်နိုင်မည့် အများပြည်သူအစည်းအဝေးပွဲများ တစ်ဖန်လည်ပတ်ပါက ကျွန်ုပ်တို့၏ အစည်းအဝေးညီလာခံခန်းမများတွင်လိုအပ်သည့် ဗီဒီယိုနှင့်အသံစက်များဖြင့် အင်တာနက်လူမှုကွန်ရက် မှတစ်ဆင့် အစည်းအဝေးများကျင်းပနိုင်ရေးသေချာစေရန် ဤစီမံချက်မှဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်၊ ကပ်ရောဂါကာလအတွင်း တွေ့ရှိရသည့် လှုပ်ရှားမှုမျိုး ဆက်လက်ပြုလုပ်နိုင်ရန်ဖြစ်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန - ကားရပ်နားပါကင် | Hamblin ဟန်ဘလင်/ Jackson ဂျက်ခ်ဆင် ကားပါကင် အဆောက်အအုံ - ပူးတွဲ အသစ်ပြန်လည် ပြင်ဆင်ခြင်း | ၃၀၀,၀၀၀ | ပုဂ္ဂလိကစီးပွားလုပ်ငန်း ABM မှ လုပ်ငန်းလည်ပတ်ရေး တာဝန်ယူထားသည့် မြို့လယ်ခေါင် ကားရပ်နားပါကင် အဆောက်အအုံ သုံးခုအား မြို့တော်မှ ပိုင်ဆိုင်ပါသည် (ဟမ်ဘလင်၊ မစ်ရှီဂန်နှင့် ဂျက်ခ်ဆင်)။ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပြင်ပ အင်ဂျင်နီယာများငှားရမ်းပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်၊ ပါကင်အဆောက်အအုံ ထိန်းသိမ်းရေး စီမံချက်အတွက် လိုအပ်သည့် တိုးတက်မွမ်းမံမှုစာရင်းပြုစုခဲ့ပါသည်။ အပြီးသတ်တင်ပြချက်တွင် ပါဝင်သည့် သီးခြားအကြံပြု ချက်လေးခုမှ တစ်ခုဖြစ်ပါသည်။ အများပြည်သူအတွက် ကောင်းမွန်သည့်ကားပါကင် အတွေ့အကြုံ ပေးစွမ်းစေရန် အဆောက်အဦး ထိန်းသိမ်းရေးသည် တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။ |

ဘက်တဲလ်ခရိမြို့ - အမေရိကန် ကယ်ဆယ်ရေး အစီအစဉ် အက်ဥပဒေ

အကြံပြု/အလားအလာရှိ စီမံချက်များ

| | | | |
|---|---|---|---|
| ဆောက်လုပ်ရေး ဝန်ကြီးဌာန - ကားရပ်နားပါကင် | ဟန်ဘလင် ပါကင်အဆောက်အအုံ - မျက်နှာစာ ပြုပြင်ခြင်း | ၂၅၀,၀၀၀ | ပုဂ္ဂလိကစီးပွားလုပ်ငန်း ABM မှ လုပ်ငန်းလည်ပတ်ရေး တာဝန်ယူထားသည့် မြို့လယ်ခေါင် ကားရပ်နားပါကင် အဆောက်အအုံ သုံးခုအား မြို့တော်မှ ပိုင်ဆိုင်ပါသည် (ဟမ်ဘလင်၊ မစ်ရှီဂန်နှင့် ဂျက်ခ်ဆင်)။ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပြင်ပ အင်ဂျင်နီယာများငှားရမ်းပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်၊ ပါကင်အဆောက်အအုံ ထိန်းသိမ်းရေး စီမံချက်အတွက် လိုအပ်သည့် တိုးတက်မွမ်းမံမှုစာရင်းပြုစုခဲ့ပါသည်။ အပြီးသတ်တင်ပြချက်တွင် ပါဝင်သည့် သီးခြားအကြံပြု ချက်လေးခုမှ တစ်ခုဖြစ်ပါသည်။ အများပြည်သူအတွက် ကောင်းမွန်သည့်ကားပါကင် အတွေ့အကြုံ ပေးစွမ်းစေရန် အဆောက်အဦး ထိန်းသိမ်းရေးသည် တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန - ကားရပ်နားပါကင် | ဟန်ဘလင်/ဂျက်ခ်ဆင်/ မစ်ရှီဂန် ပါကင်အဆောက်အအုံ - ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ ပြုပြင်မှုများ | ၂၂၅,၀၀၀ | ပုဂ္ဂလိကစီးပွားလုပ်ငန်း ABM မှ လုပ်ငန်းလည်ပတ်ရေး တာဝန်ယူထားသည့် မြို့လယ်ခေါင် ကားရပ်နားပါကင် အဆောက်အအုံ သုံးခုအား မြို့တော်မှ ပိုင်ဆိုင်ပါသည် (ဟမ်ဘလင်၊ မစ်ရှီဂန်နှင့် ဂျက်ခ်ဆင်)။ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပြင်ပ အင်ဂျင်နီယာများငှားရမ်းပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်၊ ပါကင်အဆောက်အအုံ ထိန်းသိမ်းရေး စီမံချက်အတွက် လိုအပ်သည့် တိုးတက်မွမ်းမံမှုစာရင်းပြုစုခဲ့ပါသည်။ အပြီးသတ်တင်ပြချက်တွင် ပါဝင်သည့် သီးခြားအကြံပြု ချက်လေးခုမှ တစ်ခုဖြစ်ပါသည်။ အများပြည်သူအတွက် ကောင်းမွန်သည့်ကားပါကင် အတွေ့အကြုံ ပေးစွမ်းစေရန် အဆောက်အဦး ထိန်းသိမ်းရေးသည် တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။ |
| ဆောက်လုပ်ရေး ဝန်ကြီးဌာန - ကားရပ်နားပါကင် | ဟန်ဘလင်/မစ်ရှီဂန် ပါကင် ဖွဲ့စည်းတည်ဆောက်ခြင်း - သုတ်ဆေးအလွှာများ | ၁၇၅,၀၀၀ | ပုဂ္ဂလိကစီးပွားလုပ်ငန်း ABM မှ လုပ်ငန်းလည်ပတ်ရေး တာဝန်ယူထားသည့် မြို့လယ်ခေါင် ကားရပ်နားပါကင် အဆောက်အအုံ သုံးခုအား မြို့တော်မှ ပိုင်ဆိုင်ပါသည် (ဟမ်ဘလင်၊ မစ်ရှီဂန်နှင့် ဂျက်ခ်ဆင်)။ ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းပြင်ပ အင်ဂျင်နီယာများငှားရမ်းပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်၊ ပါကင်အဆောက်အအုံ ထိန်းသိမ်းရေး စီမံချက်အတွက် လိုအပ်သည့် တိုးတက်မွမ်းမံမှုစာရင်းပြုစုခဲ့ပါသည်။ အပြီးသတ်တင်ပြချက်တွင် ပါဝင်သည့် သီးခြားအကြံပြု ချက်လေးခုမှ တစ်ခုဖြစ်ပါသည်။ အများပြည်သူအတွက် ကောင်းမွန်သည့်ကားပါကင် အတွေ့အကြုံ ပေးစွမ်းစေရန် အဆောက်အဦး ထိန်းသိမ်းရေးသည် တစ်စိတ်တစ်ပိုင်းပါဝင်ပါသည်။ |
| ရဲဌာန | ရဲအရာရှိများ/အိမ်ထောင်ဖက်များ အတွက် ကျန်းမာရေး အစီအစဉ် - ၃ နှစ် ကတိကဝတ် | ၁၈၀,၀၀၀ | နေ့စဉ်နှင့်အမျှ ရှေ့တန်းမှ ဆောင်ရွက်သူများသည် စိတ်ဖိစီးပင်ပန်းခြင်းများစွာအား ကြုံတွေ့ကြရပြီး ခံစားရခြင်း၊ ရုံဖန်ရံခါ ခံစားမှုအားထိန်းသိမ်းထားရခြင်းနှင့် အချိန်ကြာလာသည်နှင့်အမျှ အကျိုးသက်ရောက်မှုဖြစ်ပေါ်လာသည်။ မကြာသေးမီကလေ့လာတွေ့ရှိချက်အရ ရှေ့တန်းမှဆောင်ရွက်သူများသည် မိမိတို့လုပ်သက်တစ်လျှောက်တွင် စိတ်ဖိစီးပင်ပန်းခြင်းပေါင်း အကြိမ် ၉၀၀ ကျော်မျှကြုံတွေ့ကြရသည်။ မြို့တော်မှ ကျယ်ကျယ်ပြန့်ပြန့် ပြီးပြည့်စုံစွာ အစီအစဉ်ချမှတ်ကူညီပေးနိုင်သည့် သိသာထင်ရှားသော အလုပ်-ကြောင့်အနာတရဖြစ်မှုမဟုတ်ဘဲ အဆိုပါကဲ့သို့ ကူညီပံ့ပိုးမှုမျိုးသည် ရှေ့တန်းမှဆောင်ရွက်သူများဆိုင်ရာ ကြိုတင်ကာကွယ်ခြင်းနှင့် ခြုံငုံသုံးသပ်ခြင်းကျန်းမာရေး ကုသခြင်းတို့အတွက်ချမှတ်ကူညီမှုမျိုး မရှိသေးပါ။ အဆိုပါထောက်ပံ့မှုကြောင့် စိတ်ကျန်းမာရေးကောင်းမွန်ခြင်း အားကူညီဖြေရှင်းရာရောက်ပြီး ကျန်းမာသည့် ရဲအရာရှိများ အများပြည်သူထံ နေ့စဉ်ဆက်လက်ဆောင်ရွက်ပေးနိုင် စေရန်ထောက်ပံ့မှုပေးနိုင်ပါသည်။ |
| ရဲဌာန | အစီရင်ခံစာ မှတ်စုချရေးခြင်း ဆော့ဖ်ဝဲ-ကနဦးလိုင်စင် ဝယ်ယူခြင်း | ၆၈,၄၀၀ | ဤနည်းစနစ်သည် အတတ်ပညာရပ်တစ်ခု၏ ဝေါဟာရများ သိရှိနားလည်စေရန် အထူးပြုထားခြင်းဖြစ်သည်။ Alexa သို့မဟုတ် Siri ကဲ့သို့သောအသုံးပြုပုံမျိုးနှင့် အလွန်ဆင်တူပါသည်၊ သို့သော် ဥပဒေ ပြဋ္ဌာန်းရေးတွင် အသုံးပြုသော ဝေါဟာရများနားလည်နိုင်ရန် တီထွင်ထားခြင်းဖြစ်သည်။ လက်ရှိတွင် ရဲအရာရှိမှ အသံဖမ်းစက်အတွင်းသို့ စာရင်း တင်ပြချက်ပြုသည်၊ မှတ်တမ်းရေးရာစာစီသူများမှ တင်ပြချက်အား စာစီစာရိုက်ပါသည်၊ ရဲအရာရှိမှ တည်းဖြတ်ပြီး အထက်အရာရှိထံ မှတ်တမ်းတင်ပြရပါသည်။ ၎င်းလုပ်ဆောင်ချက်သည် ၄ရက်မှ-၇ရက် ကြား ကြာမြင့်နိုင် ပါသည်။ အဆိုပါအချိန်ကြာမြင့်မှုအား အနည်းဆုံး နှစ်-ရက်ခန့် ကြာမြင့်နိုင်သည်အထိ လျော့ချသွားလိုသည်ဖြစ်ပြီး အများ ပြည်သူအားနေ့စဉ်ဝန်ဆောင်မှုပေးရာတွင် ပိုရှိတိကျမြန်ဆန်စွာ ဆောင်ရွက်ရန် ပံ့ပိုးမှု ဖြစ်စေပါသည်။ |
| ရဲဌာန | SPIDR နည်းပညာသုံး ထိခိုက်နစ်နာသူ ဆက်စပ်ကွန်ရက်စနစ် | ၂၄,၃၀၀ | ကျွန်ုပ်တို့၏ ၉၁၁ ဖုန်းခေါ်ဆိုဝန်ဆောင်မှုအတွက် စားသုံးသူတုံ့ပြန်ချက်နှင့် အချက်ပေးဆော့ဖ်ဝဲရှိပါသည်။ အချိန်နှင့်-တစ်ပြေးညီစွာ မည်သည့်မြို့တော်အစိတ်အပိုင်းအား ကောင်းမွန်သည့် ဝန်ဆောင်မှုပေးစွမ်းနိုင်သည်၊ မည်သည့်အပိုင်း များတွင်ဆောင်ရွက်မှုများ တိုးတက်ရန်လိုအပ်သည်ကို မိမိတို့အနေဖြင့်သိရှိလိုပါသည်။ ယင်းဒေတာအချက်အလက် စုစည်းမှုမှတစ်ဆင့် လက်ရှိလည်ပတ်ဆောင်ရွက်မှု၏ လစ်ဟာမှုများကို စာရင်းပြုစုရာရောက်ပါသည်။ ဖုန်းခေါ်ဆိုမှု အားလုံးအတွက် အဆိုပါနည်းပညာအားအသုံးပြုမည်မဟုတ်ပါ။ အများပြည်သူအား နေ့စဉ်ဝန်ဆောင်မှုပေး ဆောင်ရွက်ရာ၌ ပိုမိုကောင်းမွန်စေရန် ကူညီပံ့ပိုးပေးနိုင်မည့်အရာဖြစ်ပါသည်။ |
| အနားယူအပန်းဖြေမှု | Full Blast ဦလေအေးပေးစက် | ၆၀၀,၀၀၀ | Full Blast အဆောက်အအုံကို နေ့စဉ်နေ့တိုင်းဖွင့်လှစ်ပြီး ပွဲပေါင်းများစွာအား ကျင်းပပေးနေပါသည်၊ အပန်းဖြေ အစီအစဉ်၊ အားကစားပွဲများ၊ Kidventure နွေရာသီစခန်း နှင့် ရပ်ရွာလူထု စုဝေးမှုပေါင်းများစွာ။ အဓိကအားဖြင့် ပါဝင်သည်မှာ အားကစားခန်း၊ အများသုံးအိမ်သာများ၊ လော့ကာဘီရိုများ၊ အဆောက်အဦးတွင်း လျှောက်လမ်း၊ gym အားကစားခန်း သုံးခန်း၊ ဘောလုံးရိုက်လေ့ကျင့်ခန်းနှင့် ဘက်စုံသုံးခန်းမနှစ်ခုအပြင် ဝန်ထမ်းရုံးခန်းများ။ နှစ်စဉ် ပျမ်းမျှအားဖြင့် ငှားရမ်းမှုပေါင်း ၁,၂၀၀ ကျော်နှင့် ဧည့်သည်ပေါင်း ၈၂,၀၀၀ ကျော်ဖြစ်သည်။ နှစ်ပေါင်းများစွာကြာ |

| | | | |
|---|---|---|---|
| | | | သည့်တိုင် ဂျွမ်းဘားအားကစားရုံ၏ လေအေးပေးစက်များသည် ကောင်းမွန်စွာ အလုပ်လုပ်ခြင်းမရှိပါ။ စက်ပစ္စည်းများအသစ်လဲလှယ်ခြင်းဖြင့် ပျော်ရွှင်ဖွယ်ကောင်းသော လုံခြုံသည့် ကျန်းမာရေးနှင့်ညီညွတ်သော အစီအစဉ်များ ပြုလုပ်ကျင်းပနိုင်ကာ အများပြည်သူအပေါ် ဝန်ဆောင်မှုပေးနိုင်ပါမည်။ |
| အနားယူအပန်းဖြေမှု | Flash Flood ရေကစားကွင်း ရေကန် ပြန်လည်ပြုပြင်မွမ်းမံခြင်း | ၂၀၀,၀၀၀ | Flash Flood ရေကစားကွင်းသည် ကျဆုံးစစ်သားများ ဂုဏ်ပြုသောနေ့မှ-အလုပ်သမားများနေ့ အထိဖွင့်လှစ်ပါသည် ပေ-၂၀၀ ခန့်မြင့်သောရေလျှောလျှော နှစ်ခု၊ အတိမ်အနက်-သုည-အဝင် ရေကူးကန်၊ ရေကစားကွင်းနှင့် အခြားလှုပ်ရှားမှုများစွာ ရှိပါသည်။ ရာသီအလိုက်ဧည့်သည်ပေါင်း ၃၀,၀၀၀ နီးပါး ဝန်ဆောင်မှုပေးနိုင်ပါသည်။အထူးသဖြင့် မစ်ရှီဂန်ဆောင်းရာသီအပြီးတွင် ရေကူးကန်ပြင်ဆင်မှုများအား နွေဦးရာသီမဖွင့်လှစ်မီပြုလုပ်ရပါမည်။ ရေကန်တစ်ခုလုံး၏ပြုပြင်မွမ်းမံခြင်းဖြင့် နှစ်စဉ်ကုန်ကျမည့် အသေးစားပြုပြင်မှုများစွာအတွက် ဒေါ်လာထောင်ပေါင်းများစွာအား သက်သာစေမည်ဖြစ်သည်၊ ထို့အပြင် အများပြည်သူအတွက်လည်း သာလွန်သည့်ရေကူးကန်နေရာတစ်ခု ပေးစွမ်းနိုင်မည်ဖြစ်သည်။ |
| အနားယူအပန်းဖြေမှု | Flash Flood ရေကစားကွင်း သစ်လွင်လန်းဆန်းစေခြင်း | ၆၀,၀၀၀ | ကယ်လ်ဟွန်းခရိုင် ဧည့်သည်ကြိုဆိုရေးဌာနမှ ရေလျှောလျှောများ ဆေးပြန်သုတ်ရေး ကူညီရန် ၂၀၂၀ ခုနှစ်တွင် အပြည့်အဝ ရန်ပုံငွေချပေးခွင့်ပြုပေးခဲ့သည်။ လျှောများဆေးအသစ်ထပ်သုတ်ခြင်းက ပန်းခြံအတွင်းရှိ အခြားအရာများ၏ ကြာမြင့်လာမှုနှင့် ပျက်စီးမှုများအားသိသာစေသည်။ နားနေခန်းထိုင်ခုံအသစ်များ၊ ဝရန်တာထမင်းစားစားပွဲများ၊ ရေကူးကန်ပတ်လည် ပန်းမံစိုက်ပျိုးမှုနှင့် ရေတိမ်ဧရိယာများတွင် ရေပန်းအလှပြုပြင်ထည့်သွင်းခြင်း စသည့်အရာများဖြင့် မွမ်းမံခြင်းက ရေကစားကွင်း၏ အလှတရားနှင့် လုံခြုံမှုတို့ကို တိုးတက်စေမည်ဖြစ်သည်။ |
| အနားယူအပန်းဖြေမှု | Bailey ဘေလီပန်းခြံ လျှပ်စစ်/ပိုက်လိုင်း/မီးထွန်းခြင်း | ၃၀၀,၀၀၀ | ဘေလီပန်းခြံသည် မြေဧက ၈၀ ကျော်ရှိပြီး ဘေ့စ်ဘောလ် အားကစားရုံ ဆိုက်ဒ်-အပြည့် သုံးရုံခန့်၊ စက်ဝိုင်း လေးပုံ-တစ်ပုံ စိန်ပုံစံရှိ ဆော့ဖ်ဘောလ်/ ဘေ့စ်ဘောလ်ကွင်း နှစ်ကွင်း၊ သဲဘော်လီဘောလ်ကွင်း လေးကွင်း၊ ကလေးကစားကွင်း နှစ်ကွင်း၊ ကလားဖန်ထိုးကစားကွင်း ၁၂ ကွင်း၊ နှင့် Home Run Dog ပန်းခြံတို့ ပါဝင်သည်။ ကားပါကင်နေရာမီးတိုင်သည် ကန့်သတ်ချက်ရှိနေပြီးလုံခြုံရေးကိစ္စရပ်တစ်ခုအနေဖြင့်ရှိနေသည် အဘယ်ကြောင့်ဆိုသော်အားကစားပွဲများသည် မှောင်ရီပျိုးချိန်နောက်ပိုင်းတွင်သာပြီးဆုံးလေ့ရှိကြသည်ဖြစ်သည်။ အဆင့်မြင့်တင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့်လုံခြုံရေးပေးစွမ်းနိုင်မည်၊ လျှပ်စစ်အားအလေအလွင့်မရှိသုံးခြင်း။ ကုန်ကျစရိတ်ပေါ် မူတည်ပြီးဆော့ဖ်ဘောလ်ကွင်းများ (၃၂ ကွင်းလုံးအကုန်) အတွင်းရှိ ပျက်နေသောမီးတိုင်များအားလုံးကို အသစ်လဲလှယ်မည်၊ မီးသီးခေါင်းများအားလုံး မီးတိုင်ထိပ်မှအောက်သို့ လျှောချထားရမှ ပြင်ဆင်မှုများပြုလုပ်ရန်အတွက် လှမ်းမီနိုင်မီဖြစ်သည်၊ ဆော့ဖ်ဘောလ်နှင့် ဘေ့စ်ဘောလ်ကွင်းအားလုံး၏မီးတိုင်များကို LED မီးများဖြင့်လဲလှယ်ရမည်ဖြစ်သည်၊ C.O. Brown အားကစားကွင်း လူဝင်ဂိတ်ဝအကြီးအတွက် အပြင်အဆင်များကိုလည်းအဆင့်မြှင့်တင်မွမ်းမံရန်လိုအပ်ပါသည်။ ဤပြုပြင်မွမ်းမံခြင်းများပြုလုပ်ခြင်းဖြင့် မိမိတို့အားလုံးအတွက်ကောင်းမွန်သည့် လုံခြုံရေးပေးစွမ်းနိုင်မည့် ပန်းခြံအားကစားကွင်းဖန်တီးရုံသာမက ပျော်စရာကောင်းစေမည်ဖြစ်သည်။ |
| ရေ မီး လျှပ်စစ်ရုံး အဆောက်အအုံ | ရေ မီး လျှပ်စစ် ကုန်ကျစရိတ် အကောင့်များ ငွေပေးချေခြင်း လက်ခံနိုင်ခြင်း | ၁.၆ သန်း | ဤကဲ့သို့ပြုလုပ်နိုင်လျှင် ကုန်ကျစရိတ်ပေးချေရမည့်ပြည်သူများအတွက် တိုက်ရိုက်ကူညီပံ့ပိုးရာရောက်ပါသည်။ ဇွန်လ ၃၀၊ ၂၀၂၁ အထိ ကုန်ကျစရိတ်ပေးဆောင်ရန်ကျန်ရှိနေသေးသော ပမာဏသည် $၁.၉ သန်းရှိပြီဖြစ်ပါ၍ ၎င်းပေးချေခြင်းသည် ပြည်သူအများအပြားအတွက်အကူအညီဖြစ်ပါသည်။ ကပ်ရောဂါကာလအတွင်းအများပြည်သူများနည်းမျိုးစုံဖြင့် ကျပ်တည်းရုန်းကန်ရမှန်းသိရှိနားလည်ပါသည်၊ သို့ဖြစ်ပါ၍ ယခုကဲ့သို့ကုန်ကျစရိတ်ဘေလ်ပေးချေခြင်းနည်းလမ်းဖြင့် ကူညီလိုပါသည်။ |
| ညစ်ညမ်းရေထု (လူထုဆောက်လုပ်ရေး ဌာန) | နံပါတ် ၆ ဂိတ်ဆုံး သန့်စင်ရှင်းလင်းစက် ပြင်ဆင်ခြင်း | ၂.၁ သန်း | မြို့တော်၏ ညစ်ညမ်းရေထုသန့်စင်ရေးရှင်းလင်းရေးနည်းစနစ်စက်သည် ညစ်ညမ်းရေမည်မျှ သန့်စင်နိုင်မည့်ကန့်သတ်ချက်ရှိပါသည်၊ ထိုမှတစ်ဆင့် မည်မျှသုံးစွဲနေသည်ဆိုသောနည်းပညာစက်ပစ္စည်းပမာဏနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ နံပါတ် ၆ ဂိတ်ဆုံးသန့်စင်ရှင်းလင်းရေးစက်အားပြုပြင်ခြင်းမပြုနိုင်လျှင် ယခုအခေါက်သန့်စင်ခြင်းနည်းစနစ်၌ထည့်သွင်းအသုံးပြုရန် မဖြစ်နိုင်ပါ၊ သို့ဖြစ်ပါက သန့်စင်နိုင်သောညစ်ညမ်းရေပမာဏပါ ကျဆင်းလာမည်ဖြစ်သည်။ မိမိတို့သည် မြို့တော်အားဆက်လက်၍နေ့စဉ်ဝန်ဆောင်မှုပေးလိုပါသည်၊ ထိုမှသာ ကာလမဇူးမြစ်အတွင်းသို့ ကြည်လင်သည့်ရေများ စွန့်ပစ်စီးဆင်းစေနိုင်မည်ဖြစ်သည်။ |
| | | | |